## မာတိကာ


| | | | |
|---|---|---|---|
| မာတိကာ | | | ၁ |
| စကားချီး | | | ၅ |
| သာလေးကုန်းကျေးရွာအရင်းအမြစ်သယံဇာတပြမြေပုံ၊ အိမ်မဲမြို့နယ် | | | ၇ |
| သာလေးကုန်းကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ အိမ်မဲမြို့နယ် | | | ၈ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် | | | |
| (၁) | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၉ |
| | (က) | ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) | စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) | ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | | ၁၁ |
| | (က) | တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| | (ခ) | သဘာဝအရင်းအမြစ်များ | |
| (၃) | ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | | ၁၁ |
| | (က) | လူဦးရေဆိုင်ရာအချက်အလက်များ | |
| | (ခ) | စီးပွားရေးအခြေအနေ– ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) | ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) | ကျန်းမာရေးနှင့် အဟာရ | |
| | (င) | ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | (စ) | ကျား–မဆိုင်ရာဆက်နွယ်မှု | |
| (၄) | ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၁၃ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| | (ခ) | သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) | ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု | |
| | (င) | ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| | (စ) | ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) | လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) | အခြေခံအဆောက်အဦများလက်လမ်းမီမှု–လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၆
အပြန်အတားများနှင့် ကျော်လွှာရမည့်စိန်ခေါ်မှုများ

၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ (၁)**

နောက်ဆက်တွဲစီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ ၃၀

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

၃

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၄၂
ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတတ်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ

၄

ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၇၉
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၈၃
နောက်ဆက်တွဲ(၄) စီမံချက်ဆိုင်ရာအချက်အလက် (ကိုးကားစာရင်း) ၈၄
(က) ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုကိုဆန်းစစ်သောမေးခွန်းများ

၅

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ကျွန်ုပ်တို့ သာလေးကုန်းကျေးရွာ၏ ကျေးရွာပြည်သူများပါဝင်ကာ အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP တာဝန်ခံဝန်ထမ်းများဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကျေးရွာစာအုပ်ရေးဆွဲရေးအတွက် အဓိကလိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာစာအုပ်ရေးဆွဲရေးအတွက် အရေးကြီးသော ဒေသဆိုင်ရာအချက်များရရှိနိုင်ရန်အတွက် အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာပြည်သူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းများကိုအစီအစဉ်တကျ အစီအမံများချမှတ်ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံးပါဝင်သည့် စနစ်တကျ ရွေးချယ်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ ယခုအခါ ကျေးရွာပြည်သူ

လူထုများကိုယ်တိုင် တက်တက်ကြွကြွပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစား တွေးခေါ်တိုင်ပင် ဆွေးနွေးအဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ် ရေးဆွဲ နည်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်း ဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အ ဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ် ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင်ရရှိခဲ့သည့် အချက်အလက်များကိုစုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများတွင် ရရှိမည့် ကိန်းဂဏန်း၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်း ထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံ ကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများ၊ ဦးစာပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှု များဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေး အစီအစဉ်အလိုက်လုပ်ငန်း များ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး



တိုးတက်ရေးဦးစီးဌာန၏ ဆက်လက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ VDP တာဝန်ခံဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေး စာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ၊ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ၊ လူမှုစီးပွားရေးအခြေအနေစသည်များ၏ အသေးစိတ်အချက်အလက်များ ပါဝင် ရေးဆွဲထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာလေးကုန်းကျေးရွာ
ပဒက်ကျေးရွာအုပ်စု
အိမ်မဲမြို့နယ်

ရက်စွဲ၊ ၂၀၁၈ ခု နှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်း များလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအ တွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာဝန် ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ(INGOs)၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ (NGOs)၊ အစိုးရမဟုတ်သောဒေသဆိုင်ရာ အဖွဲ့အစည်းများ (LNGOs)၊ အရပ်ဖက်လူမှုအဖွဲ့



အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်

ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေ း ဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အ စည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြု လာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိ ကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအ ရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

အိမ်မဲမြို့သည်အကျယ်အဝန်းအားဖြင့် (၂၈၆.၆၇) စတုရန်းမိုင်ကျယ်ဝန်းပြီး ပင်လယ်ရေ



မျက်နှာပြင်အထက် (၁၄.၈)ပေတွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေနိမ့်ဒေသဖြစ်ပါသည်။အိမ်မဲမြို့၏ အရှေ့ဘက်တွင် ပန်းတနော်မြို့နယ်၊ အနောက်ဘက်တွင် ကန်ကြီးထောင့်မြို့နယ်၊ တောင်ဘက်တွင် မြောင်းမြမြို့နယ်နှင့် ဝါးခယ်မမြို့၊ မြောက်ဘက်တွင် ကျောင်းကုန်းမြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ် လျက်ရှိပါသည်။

အိမ်မဲမြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းများသည် တောင်မှ မြောက်သို့စီးဆင်းလျက်ရှိပါသည်။ ထင်ရှားသောချောင်းမှာ မင်းမနိုင်ချောင်းဖြစ်ပြီး အိမ်မဲမြို့အနီးမှ ဖြတ်၍ တောင်မှမြောက်သို့ စီးဆင်းပါသည်။ ဒေသအတွင်းရှိရေအရင်းအမြစ်မှာ ရေချိုဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေစသည်ဖြင့်အသုံးပြုနိုင်ပြီး မင်းမနိုင်ချောင်းမှ နွေရာသီတွင် ရေအနက် (၁၂) ပေခန့်သာ ရှိ၍ သင်္ဘော၊ စက်လှေများလည်းသွားလာနိုင်သော မြစ်ဖြစ်ပါသည်။

အိမ်မဲမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၃၅.၇၀ ၎) နှင့် အနိမ့်ဆုံး အပူချိန် (၂၁.၃၂ ၎) ဖြစ်ပါသည်။ မိုးရေချိန်အနေဖြင့် နှစ်တစ်နှစ်လျှင် မိုးရွာရက် (၁၁၅)ရက်ခန့်ရှိပြီး စုစုပေါင်းမိုးရေချိန်(၁၀၄.၀၁)လက်မခန့်ရှိပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လ တို့ဖြစ်ပါသည်။

သာလေးကုန်းကျေးရွာသည် အိမ်မဲမြို့၏ အနောက်အရပ်တွင်တည်ရှိ၍ ပဒက်ကျေးရွာ အုပ်စု တွင် ပါဝင်ပြီးပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ပုသိမ်မြို့နှင့် (၅၀) မိုင်ခန့် ကွာဝေး၍ မြောင်းမြမြို့နှင့်(၁၅)မိုင်ခန့် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ပဒက် ကျေးရွာ၊ ကင်ပွန်းချဉ်ကုန်းကျေးရွာ၊ ကျုံတုံးကျေးရွာ၊ ရွာသစ်ကျေးရွာ၊ သာကွင်းကျေးရွာနှင့် ကျားနဖူးကျေးရွာ စသည်တို့ဖြစ်ပါသည်။ သာလေးကုန်း ကျေးရွာသည် လယ်လုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာလည်း ဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်များ**

သာလေးကုန်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ဆေးဘက်ဝင်အပင်များဖြစ်သည့် ခွေးသေးပန်းပင်၊ ကုန်းဇေဒါ၊ ကြွေရာဇ်များပေါက်ရောက်ကြပါသည်။

**(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

သာလေးကုန်းကျေးရွာတွင် အိမ်ထောင်စု (၁၅၂) စုရှိပြီး လူဦးရေ စုစုပေါင်း(၆၉၆) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏

အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် ကိုက်ညီမှုရှိပါသည်။ သို့ရာတွင် အလုပ်လုပ် ကိုင်သောလူဦးရေသည် တစ်ရွာလုံး၏ (၆၇.၈%) ခန့်ရှိသည့်အတွက် လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှု အတွက်အားထားနိုင်သည့် လူ့အရင်းအမြစ် အသင့်အတင့်ရှိသောကျေးရွာဖြစ်ပါသည်။ယခုနှစ်ကောက်ယူခဲ့သည့်ကိန်းဂဏန်းများ၏ဖော်ပြချက်များအရ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ အသက် (၁) နှစ်မှ (၁၅) နှစ်အထိ ကလေး၊ လူငယ်တစ်ဦးနှုန်းခန့်ရှိသည့်အတွက်



အနာဂတ်ကာလ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဝင်ငွေရအလုပ်များကို လုပ်ကိုင်မည့်လူဦးရေအသင့်အတင့်ရှိနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၅၀%) မှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၁၅)အိမ်သာရှိပြီး ပျမ်းမျှတစ်အိမ်ထောင်လျှင် လယ်(၁၀) ကေအထက် ပိုင်ဆိုင်ကြပါသည်။ အိမ်အနေအထားမှာလည်း တိုက်ခံအိမ်၊ သစ်သားအိမ်အမျိုးအစားများဖြစ်ပြီး လယ်ယာလုပ်ငန်းသုံးကိရိယာ (လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ခြွေလှေ့စက်၊ ရေစုပ်စက်) စသည်တို့ ပိုင်ဆိုင်ကြပြီး လယ်လုပ်ငန်းအား အဓိကလုပ်ကိုင်ကြပါသည်။ အိမ်အခြေအနေအများစုမှာ သစ်သားအိမ်၊ ဝါးအိမ်များ ဖြစ်ပြီး အချို့မှာဈေးဆိုင်ငယ်များဖွင့်လှစ်ထားရှိပါသည်။

ဆင်းရဲသောအိမ်ထောင်စုမှာ (၅၀)စုရှိပြီး ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၀.၁) ကေ ပိုင်ဆိုင်ကြပါသည်။ အများစုမှာ လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများငှားရမ်းသုံးစွဲကြပြီး အိမ်အခြေအနေမှာ သွပ်မိုးပျဉ်ထောင်၊ ဝါးအိမ်များဖြစ်ကြပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင် မှု အနည်းငယ်ရှိကြပါသည်။ ကျေးရွာအိမ်ထောင်စု အများစုမှာ ကျပန်းလုပ်ကိုင်ကြသူများဖြစ်ပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၆၄) စုရှိသည့်အနက် (၃) လမှ (၆) လအထိ ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စု (၇)စု၊ (၆)လနှင့်အထက် ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စု(၂၆)စုရှိပါသည်။ ၎င်းတို့ သည် လုပ်အားကြွေးယူခြင်းဖြင့် ဝမ်းစာဖူလုံမှုကို ဖြေရှင်းကြပါသည်။

သာလေးကုန်းကျေးရွာသည် မိသားစုဆွေမျိုးများလို စည်းရုံးညီညွတ်မှုရှိပါသည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း ဝိုင်းဝန်းဖြေရှင်းသည့်နည်းလမ်းကိုသာအသုံးပြုကြပြီး တစ်ဦးနှင့် တစ်ဦးကူညီရိုင်းပင်းကြပါသည်။ စားနပ်ရိက္ခာမဖူလုံသည့် အိမ်ထောင်စုအချို့သာအသက်မွေးမှုအတွက် အခက်အခဲတွေ့ကြုံနိုင်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

သာလေးကုန်းကျေးရွာသည် ရွာသစ်တိုက်နယ်ဆေးရုံနှင့် (၃)မိုင် (၂) ဖာလုံအကွာတွင် ရှိပါသည်။ တာဝန်ကျသည့်သားဖွားဆရာမမှ ကာကွယ်ဆေးထိုးနှံမှုများကို လစဉ်နှင့် သတ်မှတ်လများအလိုက် ဆောင်ရွက်ပေးလျှက်ရှိပြီးစာသင်ကျောင်းများတွင်အာဟာရပညာပေး အစီအစဉ်များနှင့် အာဟာရတိုက်ကျွေးမှုရက်သတ္တပတ် အစီအစဉ်များကိုလည်း တစ်နှစ်လျှင်သုံးကြိမ်ခန့် ဆောင်ရွက်ပေးလျှက်ရှိပါသည်။ သာလေးကုန်းကျေးရွာ အတွင်းရုံဖန်ရံကာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်း၊ ဖျားနာခြင်း၊ နှာစေးခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးစသည့်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

သာလေးကုန်းကျေးရွာ၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၃၀.၄%) ဖြစ်ပါသည်။ ကျေးရွာ



လူဦးရေစုစုပေါင်း (၆၉၆) ဦးရှိသည့်အနက် စာမတတ်သူရာခိုင်နှုန်း (၁၅.၈%)၊ မူလတန်းပညာတတ်မြောက်သူ ရာခိုင်နှုန်း (၅၂.၃%)၊ အလယ်တန်းပညာ တတ်မြောက်သူ (၁၅.၅၂%)၊ အထက်တန်းပညာပြီးဆုံးသူ (၆.၇၅%) နှင့် ဘွဲ့ရ(၁%) ရှိပါသည်။ အလယ်တန်းပညာဆက်လက်သင်ကြားရန်နှင့် အထက် တန်းပညာသင်ကြားရန် အိမ်မဲမြို့ နှင့် ရွာသစ်တိုက်နယ်သို့ သွားရောက်သင်ကြားရပါသည်။ ကျေးရွာအတွင်းရှိ ကျွမ်းကျင်လုပ်သားများအနေဖြင့် ပန်းရံလုပ်ခြင်း၊ လက်သမားပြုလုပ်ခြင်း၊ တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းစသည်တို့ဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းကဲ့သို့ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။

**(စ) ကျား-ဆိုင်ရာဆက်နွယ်မှု**

သာလေးကုန်းကျေးရွာတွင် လူဦးရေ (၆၉၆) ဦးရှိသည့်အနက် အမျိုးသားဦးရေ (၃၅၂) ဦးနှင့် အမျိုးသမီးဦးရေ (၃၄၄) ဦးဖြစ်ပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၅၀၀၀-၃၀၀၀) နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင် (၅၀၀၀-၃၀၀၀) နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသား/သမီးလျှင် (၇၀၀၀-၅၀၀၀) နှုန်းခန့် ရရှိကြပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသောအဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိပါ။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ၊ ပြည်တွင်း/

ပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေး အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

သာလေးကုန်းကျေးရွာတွင် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေကေပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း (၅၀%) ခန့်ရှိပြီး စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်သော ကျေးရွာ (၁) ရွာဖြစ်ပါသည်။ လယ်မြေကေ (၅.၆) ကေ၊ ယာမြေ၊ တောင်ယာမြေ (၁.၅) ကေ၊ ဥယျာဉ်ခြံမြေ (၅.၈) ကေ ပိုင်ဆိုင်မှုများရှိပြီး လယ်ယာမြေအများဆုံး (၆၀) ကေထိ ပိုင်ဆိုင်မှုရှိကာ လယ်သမားများနှင့် လုပ်သားများနေထိုင်ရာ ကျေးရွာတစ်ခုဟုဆိုရမည်ဖြစ်ပါ သည်။ ထို့ကြောင့် ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှုနှင့် သက်ဆိုင်သော သဘာဝအရင်းအမြစ်များ ပေါများသည့် အလျောက် အကျိုးအမြတ်များပိုမိုရရှိရေး ရာသီဥတုမရွေးစိုက်ပျိုးနိုင်သည့် အထွက်နှုန်းတိုးသော စပါးမျိုးကောင်းမျိုးသန့်ရရှိရေး ဈေးကွက်အတွင်းအဆင့်မီရောင်းချနိုင်သည့်အထိ တိုးတက်



ထုတ်လုပ်နိုင်သည့်နည်းလမ်းများကို ရှာဖွေအားထုတ်ရမည်ဖြစ်ပါသည်။

လယ်ယာဥယျာဉ်ခြံ လုပ်ကိုင်သူများမှာ ကိုယ်ပိုင်စိုက်ပျိုးရေးသုံးကိရိယာများ အနေဖြင့် ထွန်စက်၊ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။

မွေးမြူရေးလုပ်ငန်းများတွင် တနိုင်တပိုင်စီးပွားဖြစ် ကြက်၊ ဝက်၊ ဘဲများကို အများဆုံး မွေးမြူကြပြီး ခိုင်းရန်နှင့် အသားစားရန်နွား၊ ဆိတ်များကိုလည်း အနည်းငယ်မွေးမြူကြပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့်ရောဂါကာကွယ်ရေး၊ ကုသရေး အသိပညာပေး လုပ်ငန်း ဆောင်ရွက်သင့်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

သာလေးကုန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများ အတွက် လုပ်ကိုင်သည့် အိမ်ထောင်စုများ အရေအတွက် နည်းပါးပါသည်။ ကျပန်းလုပ်ငန်းများ အနေဖြင့် ဝင်ငွေ ရရှိရန်စိုက်ပျိုးရေးလုပ်ငန်းများ အပေါ်တွင်မှီတည်နေရပါသည်။ အသက်မွေးဝမ်းကျောင်း နည်းပညာ ရရှိနိုင်မှုအားနည်းပြီး ကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင်ရရှိမှုများ အားနည်းပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

သာလေးကုန်းကျေးရွာတွင် အရက်၊ ဘီယာစသည့် သေရည်၊ အရက်ရောင်းချသောဆိုင် (အရက်ပုန်းဆိုင်) မရှိသောကြောင့် ကောင်းမွန်သောပတ်ဝန်းကျင်ရှိသည့် ကျေးရွာဖြစ်ပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်း မရှိပါ။ ရွာသစ်တိုက်နယ်တွင် ရဲစခန်းတည်ရှိ၍ ဒေသလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင်(၁၅၀၀၀၀/-)ကျပ်နှုန်းထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးသည့် ဧကမှာ (၁၀) ဧကအတွက် အများဆုံးကျပ် (၁၅၀၀၀၀၀/-) ဖြစ်ပါသည်။ အတိုးနှုန်းမှာ(၀.၆၇) ကျပ်နှုန်းဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇)လဖြစ်ပါသည်။လယ်သမားများအနေဖြင့်တစ်ဧကလျှင် ကုန်ကျစရိတ်မှာ (၂၀၀၀၀၀/-) ခန့်ကုန်ကျသောကြောင့် ချေးငွေသည်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အပြည့်အဝအထောက်အကူမပြုနိုင်ပါ။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

သာလေးကုန်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း တည်ရှိသဖြင့်ကျေးရွာအတွင်းရှိကျောင်းသား/သူများ အားလုံးမူလတန်းပညာကို (၄) တန်းထိ သင်ကြားခွင့်ရရှိကြပါသည်။ မူလတန်းကျောင်းတွင် ကျောင်းအုပ်မကြီး (၁) ဦး၊ ဆရာမ (၄) ဦး၊ ရွာမှလုပ်အားပေးဆရာမ(၂) ဦး၊ စုစုပေါင်း (၇) ဦး ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ကျေးရွာထည့်ဝင်မှုဖြင့် ကျောင်းသစ်ဆောက်လုပ်ခဲ့ပါသည်။ ကျောင်း ဆောင်မှာ အုတ်ညှပ်၊ သွပ်မိုး အမျိုးအစားဖြစ်ပြီး အကျယ်အဝန်း (၃၀'×၆၀') ရှိပါသည်။ကျောင်းအိမ်သာသည်တိုက်ခန်းနှစ်ခန်းတွဲ (၁) လုံးရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်း



သုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

သာလေးကုန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း တာဝန်ကျသည့် သားဖွားဆရာမမှာ ကာကွယ်ဆေးထိုးမှုများကို လစဉ်သတ်မှတ်ကာလများတွင် သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ စာသင်ကျောင်းတွင် အာဟာရတိုက်ကျွေးမှု အစီအစဉ်များကိုလည်း တစ်နှစ်လျှင် (၃)ကြိမ်ခန့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင်းတွင် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားခြင်း၊ ဖျားနာခြင်း၊ နှာစေးခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများ ဖြစ်ပွားလျက်ရှိပါသည်။ ကျန်းမာရေးအတွက် အထူးစိုးရိမ်ဖွယ်မရှိသော ကျေးရွာဖြစ်ပါသည်။ ၎င်းကျေးရွာအား ကျန်းမာရေးအသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေးပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမိုကောင်းမွန်သော ကျန်းမာရေး ပျော်ရွှင်သော ကျေးရွာတစ်ရွာဖြစ်လာမည်ဖြစ်ပါသည်။

သာလေးကုန်းကျေးရွာရှိ ရေသုံးစွဲမှုမှာ ရေတွင်း၊ အဝီစိတွင်း(တုံကင်) နတို့မှာ ချေး၊ မိုး၊ ဆောင်း သုံးရာသီလုံး သောက်သုံးရေလုံလောက်မှု ရှိပါသည်။

သာလေးကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများမှလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၅၂) အိမ်ထောင်စု ရှိ၍ယင်လုံအိမ်သာပေါင်း(၁၄၃) နှင့် တွင်း/ဇလားအိမ်သာ (၉)ခု ရှိပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

သာလေးကုန်းကျေးရွာရှိ လူငယ်များမှာ သာရေး၊ နာရေး၊ ဘာသာရေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ၎င်းပြင်လူငယ်များစွမ်းရည်ဖွံ့ဖြိုးစေမည့် အသိပညာဗဟုသုတ ရှာမှီး ရာ ကိုယ်ထူကိုယ်ထကျေးရွာ စာကြည့်တိုက်တစ်ခုလည်းဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်လှပါသည်။

သာလေးကုန်းကျေးရွာ၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ တန်ခူးလတွင် မဟာသင်္ကြန်ပွဲတော် ကျင်းပခြင်း၊ သက်ကြီးရွယ်အို ပူဇော်ကန်တော့ပွဲများ ကျင်းပခြင်း၊ ဝါဆိုလတွင်ဝါတွင်း ဥပုသ်သီလ ဆောက်တည်ခြင်း၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်နှင့် ဘုန်းကြီးကျောင်းစုပေါင်းမဟာဘုံကထိန် ကျင်းပခြင်းများ ဆောင်ရွက်ကြပါ သည်။

## (ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

သာလေးကုန်းကျေးရွာ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုနိုင် သော်လည်း မိုးတွင်းကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သွားလာရေးခက်ခဲလျက် ရှိပါသည်။ သာလေးကုန်းကျေးရွာနေအိမ်ထောင်စုများအနက်(၃၅%) မှာဘက်ထရီအားသွင်းခြင်း ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုကြပါသည်။ ကျေးရွာနေပြည်သူအချို့မှာ မီးလင်းရေး အတွက် ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်ကို အသုံးပြုလျက်ရှိပါသည်။

သာလေးကုန်းကျေးရွာတွင် မုန်တိုင်းသတင်း၊ လျှောင်သတင်းနှင့် အခြားသာရေးနာရေး



သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း၊ တီဗွီသတင်း စောင့်ကြည့်ခြင်း၊ အင်တာ နက် အွန်လိုင်း အသုံးပြုခြင်းတို့ဖြင့် သတင်းအချက်အလက်နှင့်နည်းပညာရရှိကြပါသည်။

သာလေးကုန်းကျေးရွာသည် ပို့ဆောင်ဆက်သွယ်ရေးအတွက် ကုန်းလမ်းနှင့်ရေလမ်း နှစ်မျိုး စလုံးကို အသုံးပြုလျက်ရှိပါသည်။ စပါးများသယ်ယူပို့ဆောင်ရောင်းချနိုင်ရေးအတွက် ရေလမ်း၊ ကုန်းလမ်းနှစ်မျိုး စလုံးအသုံးပြုသော်လည်း အခြားမြို့၊ ကျေးရွာများသို့သွားသောအခါတွင် ကုန်း လမ်း တစ်မျိုးတည်းကိုသာ အသုံးပြုလျက်ရှိပါသည်။ မြို့နှင့်မနီးမဝေးတွင် တည်ရှိနေသောကြောင့် ထော်လာဂျီ၊ ဆိုင်ကယ်ကိုသာ အဓိကထားအသုံးပြုကြပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာသူ/သားများသည် မိသားစုကဲ့သို့စည်းလုံးညီညွတ်စွာ နေထိုင်ကြသဖြင့် ပြဿနာကြီး ကြီးမားမားဖြစ်လေ့မရှိပါ။ လူကြီးသူမများ၏ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါ သည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

သာလေးကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ (၆၇.၈%)ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အတွက်ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် လူသားအရင်းအမြစ် များသောကြောင့် ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာသင်တန်းများ ထိရောက်စွာပံ့ပိုးပေးနိုင်ပါက ကျေးရွာ၏လူ့အရင်းအမြစ်တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်အတွက်အားရဖွယ်ဖြစ်ပါသည်။

သာလေးကုန်းကျေးရွာတွင် မိုးစပါး၊ ဆောင်းစပါး နှစ်သီးစိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ မြောင်းမြမြို့နှင့် (၁၉) မိုင်ခန့်ကွာဝေးသော်လည်း ရောင်းချချိန်တွင် အဆင်ပြေလွယ်ကူစွာ သွားလာရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့်တစ်နှစ်လျှင် (၂) ကြိမ်ခန့် ကွင်းဆင်း၍ ပညာပေးဆွေးနွေးမှုများရှိသောကြောင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ အလွယ်တကူရရှိပါသည်။

တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ စပါးစိုက်ပျိုး ထုတ်လုပ်သည့် ကျေးရွာတစ်ခုဖြစ်သည့်အားလျော်စွာ ဝက်အစာဖြစ်သည့်ဖွဲနုကို ဆန်စက်များမှ အလွယ်တကူဝယ်ယူခြင်းဖြင့်သော်လည်းကောင်း၊ မိမိတို့စပါးကြိတ်ခွဲစဉ်ရရှိသောဖွဲနုစသည်ဖြင့် ဝက်မွေးမြူရေးအတွက် အစာကိုရရှိနိုင်ပါသည်။ နွားမွေးမြူရာတွင် စားကျက်မြေသီးသန့်မရှိသော်လည်း ကောက်ရိုးနှင့်အနီးအနားရွာများမှ မြက်များကိုရိတ်ကျွေးကြပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ အနေဖြင့် ဆိုင်ကယ်ကယ်ရီ လုပ်ငန်း၊ တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်းများ



လုပ်ကိုင်ဆောင် ရွက်ခြင်းများရှိပါသည်။

သာလေးကုန်းကျေးရွာတွင် သားဖွားဆရာမတစ်ဦးရှိသဖြင့် မီးဖွားသည့် ကိစ္စရပ်များတွင် များစွာ အထောက်အကူပြုပါသည်။ ကျေးရွာတွင်းလူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ကြီးကြီးမားမား အမှုအခင်းဖြစ်ပွားမှု နည်းပါးခြင်းကြောင့်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

သာလေးကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကျေးရွာအတွင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်မှုမရှိသဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံ နည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်းတို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

သာလေးကုန်းကျေးရွာရှိ စပါးစိုက်ခင်းများသည် မိုးရာသီတွင်ရေကြီးနစ်မြုပ်မှုကြောင့် မျိုးစပါးများ ပျက်စီးဆုံးရှုံးမှုဖြစ်ခြင်းနှင့် နွေရာသီတွင်စပါးခင်းများပိုးကျသဖြင့် အထွက်နှုန်းကျဆင်းခြင်းစသည့် အခက်အခဲများစွာရှိကြပါသည်။

စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှုအဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သောသွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှုမရှိခြင်းကြောင့် အထွက်တိုးနည်းပညာများ၏ ရလဒ်ကိုအထင်အရှားမမြင်နိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ်ဖြစ် ထွန်းနိုင်ရန် အချိန်များစွာယူရမည်ဖြစ်ပါသည်။ ထို့အပြင် လယ်ယာစိုက်ပျိုးလုပ်ငန်းနှင့် ဆက်စပ်သော မြောင်းဖော်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းတို့တွင် တောင်သူတစ်ဦးတည်း ဖြေရှင်း၍မရနိုင်ပဲ စုပေါင်းစပ်ပေါင်းဖြင့် လုပ်ကိုင်ရမည်ဖြစ်ရာ ၎င်းအခက်အခဲများနှင့်ကြုံတွေ့လာလျှင် ရင်ဆိုင် ဖြေရှင်းရန်အတွက် တောင်သူအားလုံး စုပေါင်းပါဝင်သည့် အလေ့အထမရှိသဖြင့်အခက်အခဲများကြုံတွေ့ရဦးမည်ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းများတွင် ရောဂါဖြစ်ပွားမှုကိုအချိန်မီမကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာဝန်ဆောင်မှုအကန့်အသတ်ရှိခြင်းတို့ကြောင့် ကျေးရွာ၌မွေးမြူရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ကြရန် မဝံ့မရဲဖြစ်နေကြပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများ၊ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာကျေးရွာများ၏ ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ သွင်းအားများ အတွက် အချိန်မီချေးငွေမရရှိခြင်းတို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်ပါသည်။



သာလေးကုန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိသော်လည်း တင်းကြပ်သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများ သည်လည်း တောင်သူများ၏ အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားဖြစ်နေဆဲဖြစ်ပါသည်။

လမ်းများ အဆင့်မြှင့်တင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ သက်ဆိုင်ရာမြို့ နယ်ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ခြင်းများရှိပါသည်။

ကျေးရွာ၏ခေလေ့မှာ လူကြီးများကိုသာခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းကို စိတ်ပါဝင်စားမှုရှိသော လူငယ်များမှာ နောက်ကျကျန်နေကြသဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းကောင်းများ မရရှိခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေသော အကြောင်းအရာများတွင်တစ်ခုအပါအဝင်ဖြစ်ပါသည်။ လူငယ်များအနေ ဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကိုရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုး ရေးသဘောတရားများကို သဘောပေါက်နားလည်မှုအားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုး ရေးအတွက် အဟန့်အတားဖြစ် ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက်ပန်းတိုင်

ကျွန်ုပ်တို့ သာလေးကုန်းကျေးရွာသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအကောင်အ ထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များကို ကျေးရွာသူ/သားများဝင်ငွေတိုးတက်ရေး တစ်ဦးချင်း စွမ်းရည်တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီးကလေးများနှင့် လူငယ်များ အတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်းအောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်-

(၁) ကျေးရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်၊

(၂) လူငယ်များအား ပညာတတ်မြောက်မှုပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြှင့်လာစေရမည်၊

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်၊



### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိမိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသောတောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရပ်မည်။

(၂) လယ်သမားများနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏အကူအညီဖြင့် တိရိစ္ဆာန်ရောဂါကာကွယ်ရေးအစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေးနည်းပညာ သင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံ၊ အလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန် အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများအတွက်ချိတ်ဆက်ဆောင်ရွက်ပေးရန်ဈေးကွက် ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန် ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများ ရရှိရန်နှင့် ချေးငွေ လက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၅) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သဖြင့် လတ်တလောကာလတွင် အဆင်ပြေနိုင်မည့် ဆိုလာပြားများ အိမ်တိုင်းစေ့တပ်ဆင်နိုင်ရေးအတွက် ကျေးရွာမီးလင်းရေကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများ ထောက်ပံ့ပေး နိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ် ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန



ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့ တို့၏ အကြံပြုချက် အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများ သည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်အထိပံ့ပိုးပေးနိုင်မည် အစိုးရဌာနများနှင့်အဖွဲ့အစည်း များကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှု သည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များ ကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/ ကျေးရွာသား များ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစား ပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင် ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

( ခ ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

သာလေးကုန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိက ဖြစ် ပါ သည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် အနေဖြင့် စပါး၊ သီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေး နေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါ သည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ ကျေးရွာ သားများလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင် ရာသတ်မှတ်ချက်များ ကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

( ဂ ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

သာလေးကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာစိုက်ပျိုး

ထုတ်လုပ်သူများ၏ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်ပါသည်။ မြောင်းမြမြို့နှင့် ဝေးသော်လည်း ဒေသထွက် ကုန်များကို အမှီပြု၍ သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရား များကို နားလည်အောင်နည်းလမ်းပြပေးနိုင်မည် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်း
များ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာအလိုက် ပြောင်း



လဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်သည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင် ရုံမက ဒေသတွင်းတစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည် အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံ မှုတိုး တက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင် ပေမည်။

**(ဓ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည် အချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင်အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅) နှစ်ကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

**(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်**

ကျေးရွာလူထုသည် (၅) နှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မှုမဟုတ်သေးပေ။ သို့ဖြစ်၍

ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှုကို စီမံကိန်း (၅) နှစ် ကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါ မည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် (၅) နှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း (၅) နှစ်တာအတွင်း ထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ်တာ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အ ထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာ



ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ် ပါသည်။

**( ခ ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။

**( ဂ ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/ကျေးရွာသား အုပ်စု (၅) စုထဲမှ (၁၅) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

| ကဏ္ဍ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| လမ်းကောင်းမွန် | ၁။ (၁၈၀၀’×၁၀’× ၆”) | ၁၀၀ | ၁ | ၁။ ကျေးလက်ဒေသဖွံ့ဖြိုး | |

| | | | | | |
|---|---|---|---|---|---|
| လာစေရေး | ကျောက်ချောလမ်းခင်းခြင်း | | | တိုးတက်ရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |
| **ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | | | | | |
| သောက်သုံးရေ လုံလောက်စွာရ ရှိရေး | ၁။ လက်ရှိ မြေသားရေကန် အား (၁၆၀’) အနက်နှိုက်၊ ကန်ဘောင်အကျယ်ချဲ့ပြန် လည် တူးဖော်ခြင်း | ၁၀၀ | ၂ | ၁။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |
| | ၂။ စက်ရေတွင်းတူးဖော် ခြင်း (၄”Ø ×၄၀၀’) | ၈၈ | ၃ | ၂။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |
| **ကျန်းမာရေး** | | | | | |
| ကျန်းမာရေးတိုး တက်ကောင်းမွန် စေရေး | ၁။ကျန်းမာရေးအဖွဲ့အစည်း များဖွဲ့စည်း၍ ပညာပေး ဟောပြောပွဲများပြုလုပ်ပေး ခြင်း | ၄၀ | ၆ | ၁။ ကျန်းမာရေးပညာပေး ဟောပြောပွဲများပြုလုပ် ခြင်း | |



| ကဏ္ဍာ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| **ကျန်းမာရေး** | | | | | |
| ကျန်းမာရေးတိုး တက်ကောင်းမွန် စေရေး | ၁။ ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ၄၇ | ၅ | ၁။ ပြည်သူ့ကျန်းမာရေး ဌာနနှင့်ချိတ်ဆက်ရန် | |
| **စိုက်ပျိုးရေး** | | | | | |
| | ၁။ လယ်မြေနားတွင်ရှိသော ဆည်မြောင်းရေအားပြန် လည်တူးဖော်ခြင်း | ၃၀ | ၇ | ၁။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |
| | ၂။ စိုက်ပျိုးရေးအတွက်အဝီ စိတွင်းတူးဖော်ခြင်း | ၂၀ | ၉ | ၁။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |

| | | | | | |
|---|---|---|---|---|---|
| **လျှပ်စစ်မီး** | | | | | |
| ကျေးလက်မီးရရှိရေး | ၁။ 50 KW မီးစက်ဖြင့် လျှပ်စစ်မီးဖြန့်ဝေပေးခြင်း | ၅၁ | ၄ | ၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |
| **အခြားဝင်ငွေရလုပ်ငန်း** | | | | | |
| သင်တန်းများ | ၁။အသက်မွေးဝမ်းကျောင်း သင်တန်းများအားတက် ရောက်နိုင်ရန်စီစဉ်ဆောင် ရွက်ပေးခြင်း | ၂၀ | ၈ | ၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | |

**(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အချိန်ဇယား**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် –



| စဉ် | စီမံချက် ( Proiect ) | ဦးစားပေး အဆင့် | ရမှတ် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|---|
| ၁ | (၁၈၀၀'×၁၀'×၆") ကျောက်ချော လမ်းခင်းခြင်း | ၁ | ၁၀၀ | Â | | | | |
| ၂ | လက်ရှိမြေသားရေကန်(၁၆၀'×၁၆၀') အား အနက်နှိုက်၊ ကန်ဘောင်အကျယ်ချဲ့ပြန်လည်တူးဖော်ခြင်း | ၂ | ၁၀၀ | | Â | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | စက်ရေတွင်းတူးဖော်ခြင်း (၄” Ø×၄၀၀’) | ၃ | ၈၈ | | | Â | | |
| ၄ | 50 KW မီးစက်ဖြင့်လျှပ်စစ်မီးဖြန့်ဝေ ပေး ခြင်း | ၄ | ၅၁ | | | | Â | |
| ၅ | ကျေးလက်ဆေးပေးခန်းတည်ဆောက် ခြင်း | ၅ | ၄၇ | | | | | Â |

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်ကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့ များကို မြို့နယ်အဆင့်ဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်



အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်

လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်း သို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါ သည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော လုပ်အားထည့်ဝင်မှုသာ ရှိပါသည်။

**စီမံချက်ဘတ်ဂျက်**

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့် သတ်မှတ်ခြင်း**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) ငွေလုံးငွေရင်းအသုံးစရိတ် | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | (၁၈၀၀'×၁၀'×၆") ကျောက် ချောလမ်းခင်းခြင်း | | | | | |
| ၂ | လက်ရှိ မြေသားရေကန်အား (၁၆၀') အနက်နှိုက်၊ကန်ဘောင် အကျယ်ချဲ့ပြန်လည်တူးဖော်ခြင်း | | | | | |
| ၃ | ကျန်းမာရေးအဖွဲ့အစည်းများ ဖွဲ့ စည်း၍ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း | | | | | |
| ၄ | စက်ရေတွင်းတူးဖော်ခြင်း (၄" Ø × ၄၀၀') | | | | | |
| ၅ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | | | | | |
| ၆ | လယ်မြေနားတွင်ရှိသောဆည်မြောင်းရေအား ပြန်လည်တူးဖော်ခြင်း | | | | | |
| ၇ | 50 KW မီးစက်ဖြင့် လျှပ်စစ်မီးဖြန့်ဝေပေးခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများအား တက်ရောက်နိုင်ရန်စီစဉ်ဆောင်ရွက်ပေး ခြင်း | | | | | |
| ၉ | စိုက်ပျိုးရေးအတွက်အဝီစိတွင်းတူးဖော်ခြင်း | | | | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

